## နားကြားခြင်းနှင့် စကားပြောခြင်းစစ်ဆေးမှုစာရင်း
(သင့်မွေးကင်းစကလေး နားကြားပုံကိုကြီးကြပ်ရန်ထောက်ကူမှု)

### မွေးကင်းစမှ ၃ လ

- [ ] ကြားနေကျအသံများနှင့် စကားသံများကြောင့် စိတ်ငြိမ် စေသည်
- [ ] ရုတ်တရက်အသံကြောင့် လန့်ဖျပ်သို့မဟုတ်တုန်လှုပ်သွား သည်။

### ၃ လ မှ ၆ လ

- [ ] စိတ်ဝင်စားဖွယ်အသံဘက်သို့ ခေါင်းသို့မဟုတ် မျက်လုံးလှည့် ခြင်း၊
- [ ] နားစွင့်ပုံရခြင်း၊
- [ ] အသံကြောင့် အလွယ်တကူနိုးလာခြင်း၊
- [ ] စကားပြောသလို အသံများစလုပ်လာခြင်း၊

### ၆ လ မှ ၁၂ လ

- [ ] “နို့” နှင့် “ဘိုင့်ဘိုင်”ကဲ့သို့လွယ်ကူသောစကားလုံးများကို နား လည်သည်၊
- [ ] စကားသံများကို လိုက် အတုခိုးပြောလာသည်၊
- [ ] တိုးသောအသံများဘက်သို့ ခေါင်းလှည့်လာသည်။

### ၁၂ လ မှ ၁၈ လ

- [ ] အပတ်စဉ်တိုင်းစကားလုံးများကို ပိုနားလည်လာပုံရသည်။
- [ ] လုပ်ခိုင်းလျှင်၊ လူ၊ ခန္ဓာကိုယ်အစိတ်အပိုင်း သို့မဟုတ် အရုပ် များကိုလက်ဖြင့်ထိုးပြခြင်း၊
- [ ] “ထိုင်ပါ” ဆိုကဲ့သို့ ရိုးရှင်းသောညွှန်ကြားချက်များကို လိုက်နာ ခြင်း၊
- [ ] တကယ့်စကားလုံး နှစ်လုံး၊ သုံးလုံးပြောလာခြင်း၊ ဥပမာ - “ဘောလုံး”၊ “ခွေး”၊ “ကား”

## ကျွန်ုပ်၏မွေးကင်းစကလေးအတွက် နားကြားမှုစိစစ်ရန်ရက်ချိန်း

ကလေး ၁၂လမပြည့်မီ၊ နားကြားမှုစစ်ဆေးသူက သင့်ကလေး၏ နားကြားမှုကို စစ်ဆေးလိုပါမည်။ အချိန်တစ်ချိန်ကိုစီစဉ်ရန် သင့် ကို ဆက်သွယ်လာပါမည်။

### နားကြားမှုစစ်ဆေးရန်ရက်ချိန်း

နားကြားမှုစစ်ဆေးရန် ဝန်ဆောင်မှု - ..........................................................

လိပ်စာ - ..........................................................................................

တယ်လီဖုန်းနံပါတ် - ...............................................................

ဆက်သွယ်သူ - .....................................................................

ရက်စွဲ နှင့် အချိန် - ..................................................................

## ရက်ချိန်းကို ကျွန်ုပ်တို့မလာနိုင်ခဲ့လျှင် ဘာလုပ်ရမလဲ?

ရက်ချိန်းကို သင်မလာနိုင်လျှင် နားကြားမှုစစ်ဆေးသူကိုအကြောင်း ကြားပြီး၊ နောက်ထပ်ရက်ချိန်းတစ်ခုယူပါ။

## ကျွန်ုပ်တို့အိမ်ပြောင်းရင်ကော?

အကယ်၍သင်တို့အနေဖြင့် အခြားမြို့ငယ်သို့မဟုတ် မြို့ကြီးတစ်ခု သို့ပြောင်းလျှင်၊ အထက်ပါနားကြားမှုစစ်ဆေးသူကိုခေါ်ပါ။ သူမှ သင်တို့နှင့်နီးသည့်နားကြားမှုစစ်ဆေးသည့်ဌာနတစ်ခုခုကိုသွားရန် အကြံပေးပါလိမ့်မည်။

သင့်ကိုဆက်သွယ်ရန်နံပါတ် သို့မဟုတ် အိမ်လိပ်စာအပြောင်းအလဲ ရှိပါက၊ နားကြားမှုစစ်ဆေးသည့်ဌာနကိုအသိပေးခြင်းဖြင့် သူတို့က သင့်ရက်ချိန်းများကို အသိပေးနိုင်ပါမည်။

သင့်ကလေးတစ်နှစ်ပြည့်ချိန်အထိ နားကြားမှုစစ်ဆေးသူထံမှမကြား သေးလျှင်၊ ရက်ချိန်းအတွက်စီစဉ်ရန် နားကြားမှုစစ်ဆေးသူကို ဆက်သွယ်ပါ။

# Healthy Hearing Program

## နားကြားမှုကောင်းမွန်ရေးအစီအစဉ်




# Your Baby’s Follow-Up Hearing Test

## သင့်မွေးကင်းစကလေးအတွက်နောက်ဆက်နားကြားမှုစစ်ဆေးခြင်း

ကလေးငယ်၏နားကြားမှုသည် အချိန်အရပြောင်းနိုင်ပါသည်။

အချို့မွေးကင်းစကလေးများအတွက် သူတို့၏နားကြားမှုစစ်ဆေး ခြင်းကို သူတို့**အသက်တစ်နှစ်တွင် သို့မဟုတ် ပိုစောစွာ အသက် ၆ပတ်၌** အချို့သောဘေးအန္တရာယ်များရှိခဲ့လျှင် ထပ်မံစစ်ဆေးရန်အ ရေးကြီးကြောင်း ဤစာတမ်းကရှင်းပြပါသည်။

Queensland Government

မည်သည့်အသက်မဆို နားကြားမှုကိုစစ်ဆေးနိုင်ပါသည်။ သင့်က လေးနားကြားမှုကို သင်စိတ်ပူပြီး၊ နားကြားမှုစစ်ဆေးသူအတွက် လက်ရှိညွှန်းစာမရှိဖြစ်နေလျှင်၊ ကလေး၏ ဆရာဝန်သို့မဟုတ် ရပ် ကွက်ဆေးခန်းရှိဝန်ထမ်းကို နားကြားမှုစစ်ဆေးရန်အတွက် စစ် ဆေးသူထံ ညွှန်းစာရေးပေးဖို့တောင်းဆိုပါ။

Language: Burmese

Reviewed 2018

# သင့်ကလေး၏စကားနှင့် ဘာသာစကားဖွံ့ဖြိုးရန်အတွက် မွေးပြီးစ လများအတွင်း၌ လွန်စွာအရေးကြီးကြောင်း နားကြားမှုကောင်းမွန် ရေးအဖွဲ့ကယူဆသည်။

## ကျွန်ုပ်၏မွေးကင်းစကလေးက နားကြားမှုစိစစ်ရာ၌ အောင်မြင်ခဲ့ပြီး ဖြစ်လျက်၊ ဘာလို့နောက်တစ်ခါစစ်ဆေးဖို့လိုတာလဲ?

သင့်ကလေးကြီးလာသည်နှင့်အမျှ၊ သူတို့တွင်နားကြားမှုချို့တဲ့လာ စေနိုင်သည့် ဘေးအန္တရယ်တစ်ခု သို့မဟုတ် ပိုများသောအခြေများ ရှိနိုင်ပါသည်။

သင့်ကလေးငယ်တွင် အောက်ဖေါ်ပြပါ ဘေးအန္တရာယ်ဖြစ်နိုင်ချေ တစ်ခုခုရှိခဲ့ပါက၊ နားကြားမှုစိစစ်ပြီး၊ ၆ပတ်အတွင်း ထပ်မံသုံးသပ် ပါမည်။ =

- နားကြားမှုချို့တဲ့ပုံပြသည့် ပုံစံလက္ခဏာများ
- ခေါင်း/မျက်နှာ တည်ဆောက်ပုံပြဿနာများ၊ ဥပမာ-အာခေါင် ကွဲခြင်း

အကယ်၍အောက်ဖေါ်ပြပါဘေးအန္တရာယ်တစ်ခုခုကိုသင့်ကလေးတွင်တွေ့ရှိပါက သူ၏ အသက်တစ်နှစ်ပြည့်ချိန်၌၊ သူ့ကိုထပ်မံ သုံးသပ်ပါမည်။

- မိသားစုအတွင်းရာသက်ပန်နားကြားမှုချို့တဲ့သွားသည့် ရာဇဝင်-ဆိုလိုသည်မှာ၊မိဘများ သို့မဟုတ် မွေးချင်းများတွင်ကလေးဘဝမှ စ၍ နားမကြားခဲ့သည်တို့ ရှိခြင်း
- ကိုယ်ဝန်ဆောင်စဉ် သို့မဟုတ် မွေးဖွားစဉ်က ရောဂါပိုးများရရှိခဲ့ ခြင်း
- မွေးဖွားပြီး ၅ရက်ကျော်ကျော် အောက်စီဂျင်လေပေးခံရခြင်း
- မွေးစဉ်က အသက်ရှုရခက်ခဲမှု ပြင်းထန်စွာဖြစ်ခဲ့ခြင်း
- အသားဝါဆိုးဆိုးဝါးဝါးဖြစ်ခြင်း

အထက်ပါဘေးအန္တရာယ်များဖြစ်ခဲ့သည့် မွေးကင်းစကလေးအ နည်းငယ်တွင်သာ နားမကြားမှု တကယ်ဖြစ်သွားခဲ့သော်လည်း သင့်ကလေးငယ်ကို နားကြားမှုစစ်ဆေးသူနှင့် အသက်အနည်း ငယ်ရလာချိန်၌ စစ်ဆေးရန် အရေးကြီးပါသေးသည်။

## နားကြားမှုစစ်ဆေးသူဆိုတာဘာလဲ?

နားကြားမှုစစ်ဆေးသူဆိုသည်မှာသူ၏ကျွမ်းကျင်မှု နှင့် ပစ္စည်းကိရိ ယာကိုသုံးပြီး အသေးစိတ်နားကြားမှုကိုစစ်ဆေးသည့် နားကြားမှုအ ထူးပညာရှင်ဖြစ်ပါသည်။


## ကျွန်ုပ်၏ကလေးကအသံကိုတုံ့ပြန်ပုံရပါသည်။ ထပ်ပြီးနားကြားမှု စစ်ဆေးခြင်းများလိုသေးလို့လား၊

နားကြားမှုချို့တဲ့သည့် မွေးကင်းစကလေးအများစုသည်၊ အချို့ အသံကို ကြားပြီး တုံ့ပြန်ပါသေးသည်။ ထို့ကြောင့် သေချာသည့်စစ် ဆေးမှု ကိုမလုပ်ဘဲ၊ သူတို့၏ နားကြားမှုချို့တဲ့ပုံကို မပြောနိုင်ပါ။

## နားကြားမှုစစ်ဆေးချိန်တွေမှာ ဘာတွေဖြစ်သလဲ?

သင့်မွေးကင်းစကလေး၏နားကြားမှုကိုစစ်ဆေးရန်၊ ကွဲပြားသော နားကြားမှုစနစ်နေရာများတွင် စစ်ဆေးမှုများ ပြုလုပ်ပါမည်။ စစ်ဆေးပုံ တစ်ခုစီ နှင့် အဖြေများအကြောင်းကို ရက်ချိန်းလာသည့် အချိန်၌ ရှင်းပြပါမည်။

ဤသိုစစ်ဆေးခြင်းများက၊ သင့်ကလေး၏နားကြားမှုမှာ ပုံမှန်ဖြစ် ကြောင်း သို့မဟုတ် နားကြားမှုချို့တဲ့ခြင်းဖြစ်လာကြောင်း သေချာ စွာသိစေပါမည်။



## နားကြားမှုစစ်ဆေးတာ ဘယ်လောက်ကုန်ကျမလဲ?

အစိုးရနားကြားမှုဌာနများ၌ အစိုးရဆေးရုံ သို့မဟုတ် ပုဂ္ဂလိက ဆေးရုံတွင်ဖြစ်စေ မွေးဖွားသောကလေးများအနေဖြင့် မယ္လီကဲ ခံစားခွင့်ရှိလျှင် အခမဲ့ရရှိပါသည်။ သင်က ပုဂ္ဂလိကနားကြားမှု စစ်ဆေးသူထံသွားရန်ရွေးချယ်လျှင်၊ ရက်ချိန်းမတိုင်မီ သူတို့နှင့် ကုန်ကျစရိတ်ကိစ္စကိုဆွေးနွေးပါ။

သင့်ကိုစိစစ်သူက သင့်ဝန်းကျင်ရှိ နားကြားမှုစစ်ဆေးသည့်ဌာနများ ၏ အသေးစိတ်အချက်အလက်ကိုပေးပါမည်။

## ကျွန်ုပ်၏မွေးကင်းစကလေးမှာ နားကြားမှုချို့ယွင်းနေရင်ကော?

သင့်မွေးကင်းစကလေး၌ နားကြားမှုယာယီချို့တဲ့နေလျှင်၊ သူ့ကိုနား ကြားမှုစစ်ဆေးသူက ထပ်မံတွေ့ခြင်မည်ဖြစ်ပါသည်။ ယာယီနား ကြားမှုချို့တဲ့ခြင်းမှပိုမိုကောင်းမွန်လာခြင်းမရှိလျှင်၊ နားကြားမှုစစ် ဆေးသူမှ သင့်ကလေးအား နား၊နှာခေါင်းနှင့်လည်ချောင်း (ENT) အထူးကုကိုတွေ့ရန် အကြံပြုပါမည်။

သင့်မွေးကင်းစကလေးတွင် ရာသက်ပန်နားကြားမှုချို့ယွင်းနေလျှင်၊ သင်၏ နားကြားမှုစစ်ဆေးသူက အောက်ပါအချို့သို့မဟုတ် အား လုံးသောဌာနများသို့ ညွှန်းပေးပါမည် -

- ကလေးဘဝနားကြားမှုဆေးခန်း
- နား၊နှာခေါင်း နှင့် လည်ချောင်းအထူးကုဆရာဝန်
- ကလေးအထူးကုဆရာဝန်
- သြစတြေးလျမ်းနားကြားမှုဌာန - နားကြားကိရိယာ(များ) တပ်ဆင်ရန်
- ကွင်းစလန်နားကြားမှုချို့တဲ့သည့်မိသားစုများထောက်ပံ့ရေးဝန် ဆောင်မှုဌာန (QHLFSS)
- အခြားဝန်ဆောင်မှုများ - လိုအပ်သည်အတိုင်း

QHLFSS မှသင့်အတွက် ဤဝန်ဆောင်မှုများနှင့် ဆက်သွယ်ပေးပါ မည်။

သင့်မွေးကင်းစကလေး၏နားကြားမှုအပေါ် စိတ်ပူလာလျှင်၊ရက်ချိန်း စောစောရရန် သင်၏နားကြားမှုစစ်ဆေးသူကိုခေါ် လိုက်ပါ။

သင့်မွေးကင်းစကလေးအနေနှင့် ရက်ချိန်းတစ်ခါသို့မဟုတ် နှစ်ခါသွားပြီးမှ အဖြေရနိုင်ချေရှိပါသည်။

နားကြားမှုချို့ယွင်းနေခြင်းကို စောစီးစွာသိရှိခြင်းဖြင့် သင့်မွေးကင်း စကလေး၏စကားနှင့် ဘာသာစကားဖွံ့ဖြိုးတိုးတက်ရေးအတွက် အ ကောင်းဆုံးအခွင့်အလမ်းရရှိစေပါမည်။နောင်တွင် သင်ကြားခြင်း၊ လူမှုရေးနှင့် သူတို့၏စိတ်ကျန်းမာချမ်းသာရေးတို့အတွက် အရေး ကြီးပါသည်။

Language: Burmese

Reviewed 2018